
'Lovely My
Little World'
Story By:Sura
(Season - 1)
LMS

# အပိုင်း (၁)

"Bangkok To Myanmar လေကြောင်းလိုင်းတွင် လိုက်ပါ စီးနင်းလာသော လူကြီးမင်းများ ရှင့် လူကြီးမင်းတို့ လိုက်ပါလာသော လေယာဉ်သည် Yangon International airport သို့ မကြာမီ ဆင်းသက်တော့မှာ ဖြစ်ပါကြောင်း ကြိုတင် အသိပေးအပ်ပါသည် ရှင်"

လေယာဉ်မယ်လေးရဲ့ အကြောင်းကြားသံကြောင့် ရင်ခွင်ထဲရှိ အနှီးထုပ်လေးထဲမှ သားငယ်လေးအား ငုံ့ကြည့်မိလိုက်ချိန်တွင် မျက်တောင်ရှည်ရှည် ကော့ကော့လေး အောက်တွင် သားက အေးချမ်းစွာ အိပ်မောကျ နေလေသည် ။ ဖခင်ဖြစ်သူသည် သားအားကြည့်ကာ ပြုံးနေရင်းပင်

"သားရေ ဖေဖေတို့ မြန်မာပြည်ကို ပြန်ရောက်ပြီ"

ဟု ဆိုကာ ရင်ခွင်ထဲရှိ သားငယ်အား ပိုမို တင်းကျပ်စွာ ပွေ့ဖက် လိုက်တော့သည် ။ ထိုနည်းတူစွာ ဘေးတွင် ထိုင်နေသော မိန်းကလေးသည် မှာ လည်း ထိုသားငယ်အား မြတ်မြတ်နိုးနိုး ကြည့်နေကာ အပြုံးပန်းများ ဝေဆာနေလေသည် ။

***

Airport မှ အထွက် Taxi ငှား၍ Taxi သမားအား အိတ်ကပ်ထဲက လိပ်စာတစ်ရွက်ကို ပေးလိုက်ကာ လိပ်စာအတိုင်း လိုက်ပါစီးနင်း ခဲ့လိုက်သည် ။

လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကျော်လောက်က ဒီမြေပေါ်က ထွက်ခွာခဲ့သည် ။ ရန်ကုန်မြေကြီးဟာ မပြောင်းလဲခဲ့ပေမဲ့ ထွက်သွားတုန်းက ခံစားချက်နဲ့ ပြန်ရောက်လာတဲ့ ခံစားချက်တို့ သည် မပြောင်းမလဲ ရှိနေသည် ဟု မညာချင်။ ဘန်ကောက်လို နေရာတွင် တစ်နှစ်ကျော် နေခဲ့ပေမဲ့ ပြန်ရောက်ရောက်ချင်း ရန်ကုန်မှာ နေ၍ တော့ မဖြစ်။ မြန်မာပြည် ပြန် မရောက်ခင်ထဲက သူငယ်ချင်း တစ်ယောက် အကူအညီနဲ့ မြို့လေးတစ်မြို့မှာ အချိန်တစ်ခုထိ တနည်းအားဖြင့်တော့ သားအရွယ်ရောက်တဲ့ ထိ နေရဦးမည်။

"အဲ့ အဲ့"

အတွေးတွေ လွန်နေဆဲ ရင်ခွင်ထဲက သားက အသံပေးကာ ငိုနေပြီ ကားလည်း ရပ်သွားပြီ ဖြစ်သောကြောင့် ကားပေါ်မှ ဆင်းကာ သားကို ကြည့်လိုက်ချိန်တွင် သားက မျက်ရည်လေးတွေ စိုနေတဲ့ မျက်လုံးဝိုင်းဝိုင်းလေးတွေနဲ့ ပြန်ကြည့်ကာ ရယ်ပြနေသည် ။ သားကို ရင်ခွင်ထဲ ပိုက်ထားလျက်ပင် ခြံဝင်းအကျယ်ကြီးထဲက အိမ်ကြီးကို ခြံအကွယ်မှ ကြည့်နေသော ကောင်လေးကို သူ့ဘေးက ကောင်မလေးကတော့ ကျောပြင်ကို ပွတ်ပေးကာ နှစ်သိမ့် ပေးနေလေသည် ။ အတန်ငယ်ကြာသော်

"လာ သူရ သွားကြရအောင် ခုချိန် ကားဂိတ်သွားမှ မီမယ် မဟုတ်ရင် ကားမမီဘဲ နေမယ်"

"အင်းသွားကြတာပေါ့"

သားငယ်ကို ထွေးပွေ့ထားဆဲပင် Taxi ပေါ် ပြန်တက်ရန် ပြင် လိုက်

လေသည်။

"ဟင် သူရပိုင် မင်းလား။ သားပိုင်မလား ဟုတ်တယ်မလား ကြီးကြီးတို့ အားလုံး မင်းကို စိတ်ပူနေတာ ဘာမပြော ညာမပြောနဲ့ ထွက်သွားလိုက်တာ ခုမှ ပြန်လာတော့တယ်။ ဒါနဲ့ ဒီကလေးက"

"သားရဲ့ ကလေးပါ"

သူရ ပိုင် ခေါင်းငုံ့ကာ ကြီးကြီးအား မျက်နှာချင်း မဆိုင်ရဲပဲ ဖြေလိုက်တော့သည်။

"ဒီက မိန်းကလေးကရော ... အင်း ဒါနဲ့ ထားလိုက်ပါတော့ လာလာ အထဲဝင် မမကြီးတို့ မင်းကို စောင့်နေတယ် လာလာ"

"ဟင့်အင်းကြီးကြီး သားပြန်လာတာ မဟုတ်ဘူး သားအန်တီနန်းနွယ်နဲ့ ဦးလေးတို့ ကိုလည်း မျက်နှာချင်း မဆိုင်ရဲဘူး သား ကဒီတိုင်း ... ဒီတိုင်း လာကြည့်ရုံပါ"

"အင်း ဖြစ်ခဲ့တဲ့ ကိစ္စတွေကြောင့် ကြီးကြီးဘာမှ တော့ ဝင်မပါချင်ဘူး သားခုရော ဘယ်လို ဆက်လုပ်မှာ လဲ"

"သား သားသူငယ်ချင်းရှိတဲ့ ဘက်မှာ သွားနေမလို့ ကြီးကြီး။ သားကိုချစ်ရင် သားလာတဲ့ အကြောင်းတွေရော သားနေတဲ့ နေရာကိုရော မပြောပါနဲ့ နော် ကြီးကြီး"

"အင်းပါ ကြီးကြီးမြေးလေးကို ခဏတော့ ကြည့်ပါရစေဦး"

"အို မြေးလေးက အချောလေးပဲ ဖေဖေနဲ့ တူတာလား မေမေနဲ့ တူတာလား ဟင် မြေးလေး"

ကြီးကြီးက နမ်းရှုပ်နေသည် တိုင် သားက အိပ်ပျော်မြဲ အိပ်ပျော်နေ

ဆဲပင် ဖြစ်သည် ။

"ကြီးကြီး သားသွားတော့မယ် ကားနောက်ကျနေမှာ စိုးလို့ "

"ဩော် အေးအေး မြေးလေးကို ဂရုစိုက်ပါနော်။ သားပိုင်အတွက် ကြီးကြီးရှိတယ်ဆိုတာ မမေ့နဲ့ နော်"

"ဟုတ်ကဲ့ကြီးကြီး သွားပြီနော်"

ကြီးကြီးအား နှုတ်ဆက်လိုက်ပြီးနောက် Taxi သမားအား အဝေးပြေးကားဂိတ်ကိုသာ တန်းမောင်း ခိုင်းလိုက်တော့သည် ။ နောက်ကိုတော့ လှည့်မကြည့်ဖြစ်ခဲ့ အတိတ်ရဲ့ နာကျင်မှုတွေနဲ့ နောက်တွင် ကျန်ရစ်ခဲ့သော ကြီးကြီးရဲ့ မျက်ရည်တွေကိုလည်း မမြင်ရက်နိုင်ခဲ့ခြင်း ကြောင့်ပင် ...။

***

ရန်ကုန်မှ မန္တလေး၊ မန္တလေးမှ ပြင်ဦးလွင်သို့ ကားစီးရ၍ သားကတော့ တော်တော်လေး ပင်ပန်းနေသည် ။

"သူရ လာသားကို မြတ်နိုးကိုပေး ဘန်ကောက်ထဲက ချီလာတာ လက်တွေ နာနေရောပေ့ါ"

"ရပါတယ် မြတ်နိုးရယ် မြတ်နိုးကလည်း နေကောင်းတာ မဟုတ်ဘူး လေ ကိုယ့်ကိုယ်ကိုယ်သာ ဂရုစိုက်ပါ ခုရော ဘယ်လိုနေလဲ ခရီးပန်းရောပေ့ါ"

"အာ ရတယ် ရတယ် လာသားကိုပေး မြတ်နိုး ချီထားမယ်"

သားကို ကြည့်လိုက်တော့ သားက မျက်လုံး ဝိုင်းဝိုင်းလေးတွေနဲ့ ပြန်ကြည့်နေလေရဲ့ ။ သားအား မြတ်နိုးဆီ ပေးလိုက်ချိန်တွင် သားက ထငိုတော့သည် ။

သိပ်မကြာလိုက် မြတ်နိုးရဲ့ ချော့မြူမှု နောက်မှာ သားက ပြုံးပျော်နေလေရဲ့ ။ သားရယ်သံ ကြားတော့မှ သက်ပြင်းချကာ အကွေ့အကောက်တွေများ သော ပြင်ဦးလွင် လမ်းမကြီးကိုသာ အကြောင်းပြချက်မရှိ စိုက်ကြည့် နေဖြစ်တော့သည် ။

ပိုင်တို့ ရဲ့ ရှေ့ဆက်ရမယ့် လမ်းခရီးသည် ပင် ရှေ့ရှိ လမ်းမကြီးကဲ့သို့ ကောက်ကွေ့နေဦး မလားပင် ပိုင်မခန့်မှန်းနိုင်တော့ချေ။

***

# အပိုင်း(၂)

"ဖေဖေ ... ဖေဖေ"

အသံကြားရာ လှမ်းကြည့်မိလိုက်တော့ အဖြူအစိမ်း ဝတ်ထားပြီး လူအုပ်ကြားမှ ရှပ်အင်္ကျီလေးကို ဘောင်းဘီတိုလေးထဲ ထည့်ဝတ်ပြီး ခါးပတ်လေးပတ် necktie လေးသေသပ်စွာ စည်းထားတဲ့ သားငယ်လေးက အချိုသာဆုံး အပြုံးလေးနဲ့ အပြေးလာနေလေရဲ့ ဟုတ်တယ် သားအပြုံးက ပိုင့်မြတ်နိုးရာ၊ သားသည် သာ ပိုင့်အသက် သွားဖြူဖြူလေးတွေ ပေါ်အောင် ရယ်ပြရင်း ပြေးလာသော သားက အနားရောက်တော့ ရင်ခွင်ထဲ ထည့်ထွေးပွေ့လိုက်ကာ သားရဲ့ ခေါင်းလုံးလုံးလေးပေါ်က ဆံပင်လေးတွေကို တစ်ချက် နမ်းရှုပ်လိုက်တော့ သားက သဘောတကျ ရယ်နေလေရဲ့

"ကဲ ဖေဖေရဲ့ ကျောင်းသားကြီး ကျောင်းက ပြန် လာပြီပေါ့ ဘာစာတွေ သင်ခဲ့တုန်း ကျောင်းတက်ရတာရော သားပျော်ရဲ့ လား"

"ဟုတ်ကဲ့ ဖေဖေ"

သွားဖြူဖြူလေးတွေ ပေါ်အောင် ရယ်ပြနေတဲ့ သားက ရုတ်တရက် နှုတ်ခမ်းနားကို အကြည့် ရောက်လာတော့ မျက်နှာ ပျက်သွားသည် ။ ပိုင့်နှုတ်ခမ်းနားလေးကို လက်နုနုလေးနဲ့ လာထိပြီး မျက်ရည်လေးတွေဝဲတက်လာကာ

"ဖေဖေ နာနာ ဖြစ်ပြန်ပြီလား ပါးပါးက ရိုက်ပြန်ပြီလား"

"အာ မဟုတ်တာ သားရ ဖေဖေရေချိုးရင်း ချော်လဲတာ ကဲလာပါ သားရ သားရေခဲမုန့် စားမယ်မလား ဖေဖေ ဆိုင်အသစ် တွေ့ထားတယ် သွားကြမယ် မဟုတ်လား"

"ဟုတ်ဖေဖေ"

ရေခဲမုန့် အသံကြားတာနဲ့ ပြန်လည်ပြုံးပျော်လာသော သား၏ လက်ကို ဆွဲကာ ရေခဲမုန့်ဆိုင်ကို ဦးတည် လာခဲ့လိုက်သည် ။ သားကငယ်ငယ်လေးထဲက ပိုင့်အရိပ်အခြေကို အမြဲနားလည်တဲ့ ကလေးလေး ဒါကြောင့်လည်း သားရှေ့မှာ ဆို မျက်နှာ မပျက်အောင် အမြဲ ဂရုစိုက်နေရသည် ။

ဒီနေ့က သားငယ်လေးရဲ့ ပထမဆုံးသော ကျောင်းစတက်သည့်နေ့မှာ သားက ပျော်နေတာ မြင်တော့မှ စိတ်ပူရ သက်သာတော့သည် ။ ကျောင်းပို့ခဲ့ချိန်တွင် လည်း သားက တခြားကလေးတွေလို ငိုငိုရယ်ရယ် မရှိခဲ့။ ကျောင်းက ပြန်ရင် ဖေဖေလာခေါ်နော် လို့ သာ သတိရတိုင်း ပြောခဲ့သည် ။ အနီးဖြူဖြူလေးထဲက သားငယ်လေးသည် ယခုအချိန် ကျောင်းသားလေးအဖြစ် ပညာလမ်းပေါ် စလှမ်းနေပြီဖြစ်သည် ။ ဝမ်းသာပီတိ မျက်ရည်တို့ သည် မျက်ဝန်းထက်၌ ဝေ့သီလာချိန်တွင် သားကို ချီထားရင်းပင် သား၏ ပါးဖောင်ဖောင်းလေးအား နမ်းရှုပ် လိုက်တော့သည် ။

ရေခဲမုန့် ဆိုင်တွင် လည်း သားက တခြားကလေးတွေလို ဟိုဟာ စားမယ်။ ဒီဟာစားမယ် ဟူ၍ မပြော။ ဖေဖေ ကြိုက်တာသာ ဝယ်ကျွေးဟု သာ ပြောသည် ။ ထိုစကားကြားတော့ ဒီအဖေဖြစ်သူ စိတ်မကောင်း ဖြစ်ရသည် ။ တစ်နေ့တစ်နေ့ အိမ်စရိတ်လောက်ငှရုံသာ ရရှိသော ငွေကြေးကြောင့် ပိုင့်တွင် အပိုအလျှံ ဟူ၍ မရှိခဲ့။ ထိုအိမ်စရိတ်ရရန်ကိုပင်

တခြားတစ်ယောက်ထံ မှီခိုနေရသည် ။ ကိုယ်တိုင် အလုပ်ထွက်လုပ်မယ် ဆိုတော့လည်း တစ်ယောက်သော သူက လက်မခံ။ ကိုယ်က သားကို စိတ်မချတာလည်း ပါခဲ့သည် ။

ရေခဲမုန့် ဆိုင်မှ ထွက်ကာ သားကို ချီလျက်ပင် အိမ်သို့ ပြန်လာခဲ့ လိုက်သည် ။ လမ်းတစ်လျှောက်သားက ရေခဲမုန့် ကိုသာ အာရုံရနေကာ ပါးဖောင်းဖောင်းလေးနဲ့ လိုက်ဖက်ညီစွာ နီရဲရဲ နှုတ်ခမ်းလေးဘေးတွင် ရေခဲမုန့်များ ပေနေလေရဲ့ ။ ပိုင်အသည်းယားစွာ သား၏ ပါးဖောင်းဖော င်းကြီးကို တစ်ချက် နမ်းပြီးကာမှ လက်ကိုင်ပဝါဖြင့် သုတ်ပေး လိုက် လေသည် ။

သားက ပိုင်သူ့ကို ကြည့်နေမှန်း သိသောအခါ စားလက်စအားရပ် ကာ မျက်လုံးကြည်ကြည် ဝိုင်းဝိုင်းလေးဖြင့် ပြန်ကြည့်လာသည် ။

"ဖေဖေ စားချင်လို့ လား။ အင့် စားလေ ဖေဖေ"ဆိုကာ ပိုင့်ဆီသို့ အ တင်း ထိုးကျွေးတော့သည် ။

"ဖေဖေက လူကြီးလေ။ ဖေဖေ့ သားသားလေးပဲ စားပါ" ဟု ပြောလို က်သော အခါမှ သားက ရေခဲမုန့် ကိုပြန်စားနေသည် ။ ပိုင်ပြုံးကာ သား အားချီလျက်ပင် အိမ်သို့ပြန်လာခဲ့သည် ။ ဟုတ်တယ် ပိုင်အပြုံးတွေက သားကြောင့်သာ ဖြစ်တည်လာသည် ။

မြတ်နိုးရေ ကြည့်ပါဦးကွာ မင်းချစ်ရတဲ့ သားသားက ကျောင်းသား ကြီး ဖြစ်နေပြီ။

***

ပိုင် သားအား ချီလျက်ပင် လမ်းလျှောက် ပြန်လာသည် မှာ အိမ်ဝပင် ရောက်လာသည် ။ ထို့နောက် ခြံထဲဝင်ဝင်ချင်း ရပ်ထားသည့် ပြိုင်ကား အနက်ရောင်လေးကို မြင်လိုက်ရသည့်အချိန်တွင် သားကို ချီထားသော လက်တို့ သည် အေးစက် လာလေသည် ။

"ဖေဖေ ဒီနေ့ ပါးပါးက အစောကြီး ပြန်လာတာလား"

"ဖေဖေလည်း မသိဘူး သားရဲ့ "

ပိုင် သားအား ချီလျက်ပင် အိမ်ထဲသို့ ဝင်လာခဲ့ လိုက်လေသည် ။ ထို့နောက် အိမ်ဝတွင် သားစီးထားသော ရှူးဖိနပ်လေးအား ချွတ်ပေးနေချိန်တွင် သားသားကို ထိန်းပေးသော ကြီးကြီးသည် မြန်မြန် ထွက် လာလေသည် ။

"သားပိုင် ... မာန်ပြန်ရောက်နေပြီ"

သားကို ဖိနပ်ချွတ်ပေးနေသော လက်တို့ သည် ခေတ္တ ရပ်တန့်သွားခဲ့ သည် ။

"ပါးပါးနာမည်က လွှမ်းမာန်ထည်ဝါကို ဘာလို့ ကြီးကြီးက ဖေဖေ ခေါ်သလို မာန်ပဲ ခေါ်တာလဲ ဟင်"

ပိုင်သည် သား၏ ပါးဖောင်းဖောင်းလေး တစ်ဖက်အား ဖက်နမ်း လိုက်ပြီး

"ကြီးကြီးက သားပါးပါးကို ချစ်လို့ ပေါ့၊ ကဲသားကို ကြီးကြီးက ရေချိုးပေးလိမ့်မယ် ကြီးကြီးနဲ့ လိုက်သွားနော်"

"ဟုတ် ဖေဖေ"

သားအား ကြီးကြီးသိတာနောက်ပင် ထည့်လိုက်ကာ သားရဲ့

ကျောပိုးအိတ်လေးနဲ့ ထမင်းချိုင့်အား ဧည့်ခန်းထဲ၌ပင် ထားခဲ့ကာ အပေါ်ထပ်သို့သာ တက်လာခဲ့ လိုက်လေသည်။

***

# အပိုင်း(၃)

ပိုင်အခန်းတံခါးဖွင့်ကာ မာန်ရှိရာ အခန်းထဲသို့ ဝင်လာချိန်တွင် မာန်သည် အင်္ကျီပင် မလဲရသေးပေ။ မှန်တံခါးမှ တစ်ဆင့် အပြင်ဘက်သို့ လက်ပိုက်၍ သာ ကြည့်နေလေသည် ။ ပိုင်သည် အခန်းထဲသို့ ဝင်လာကာ တံခါးအား လော့ချခဲ့ လိုက်လေသည် ။ သားသည် ရံဖန်ရံခါ ပိုင်တို့ အိပ်အခန်းထဲသို့ ဝင်လာတတ်သောကြောင့် မကြာခင်တွင် ရောက်ရှိလာတော့မည့် အခြေအနေ တစ်ခုကိုပင် မတော်တဆ သားဝင်လာသည် နှင့်ပင် တိုးမှာ စိုးသည် ။ သားအား မမြင်စေချင်သလို၊ ကြားလည်း မကြားစေချင်။ အခန်းတံခါး လော့ချပြီးသည့် နောက်တွင် မာန်သည် လက်ပိုက်ရင်းပင် ပိုင်အား လှည့်ကြည့်လာသည် ။

"ကဲပြောပါဦး မင်းလုပ်ရပ်တွေ။ ငါက ညာတာနေလို့ မင်းက ကမ်းတက် နေတာလား"

"မဟုတ် ... မဟုတ်ဘူး မာန် ... ပိုင်ရှင်းပြ ..."

"တော်တော့ မင်းရှင်းပြတာလည်း ငါနားထောင်ဖို့ စိတ်မဝင်စားဘူး "

မာန်သည် မှီထားသော မှန်တံခါးမှ တစ်ဆင့် ရှေ့သို့ လျှောက် လာလေသည် ။

"ပိုင် ... ပိုင်က ..."

"မင်းကိုငါ ဒီခြံထဲက အပြင်ကို ထွက်ခွင့်ပေးလို့ လား ဟမ်။ မင်းက ငါ့ကို အာခံချင်နေတာလား အဲဒီအကျိုးဆက်ကို မင်းက မေ့နေလို့ သတိပြန်ပေးရဦးမှာ လား"

"ပိုင် သား ... သားကို ကျောင်းသွားကြိုတာပါ"

ဖြောင်း ...

လည်ထွက်သွားသော မျက်နှာနဲ့ အတူ ပါးပြင်တစ်ခြမ်းသည် နာကျင်သွားကာ ပူထူ လာလေသည် ။

"မင်းက ငါမသိပါဘူး ဆိုပြီး လုပ်ချင်ရာ လုပ်နေတာလား ဟမ်။ မင်း ဘာစောက်ချိုး ချိုးတာလဲ"

"..."

"ဩော် ဒါနဲ့ ရှင်းပါဦး။ မင်းရဲ့ သား လရောင်ပိုင်ရဲ့ အုပ်ထိန်းသူ နေရာ မှာ ငါ့နာမည်ပါ ထည့်ခဲ့တဲ့ ကိစ္စလေး။ ဘာလဲ ငါ့နာမည်နဲ့ မင်းရဲ့ သားကို ကျောင်းမှာ မျက်နှာပွင့် စေချင်တယ်ပေါ့ ဟုတ်လားဟမ်"

မာန်သည် ပိုင်၏ ပခုံးအား အတင်းဆွဲခါ လိုက်သောကြောင့် ခေါင်းငုံ့ကာ ရပ်နေသော ပိုင်သည် နောက်သို့ အနည်းငယ် ယိုင်သွားလေသည် ။

"မ ... မဟုတ်ပါဘူး"

"မင်းရဲ့ သားကိုထားတဲ့ ကျောင်းက ကျောင်းအုပ်က ငါတို့ နဲ့ စီးပွားပြိုင်ဘက်ရဲ့ ဇနီး။ မင်းက မင်းနာမည်နဲ့ ငါ့နာမည်ကို သုံးခဲ့တော့ မင်းရဲ့ အရေးမဟုတ်တဲ့ အရင်က အကြောင်းတွေရော၊ မင်းရဲ့ သားအတွက်ရော ငါနဲ့ ငါ့အမေ ဘယ်လောက်တောင် ရှင်းခဲ့လိုက်ရလဲ မင်းသိလားဟမ်"

ဖြောင်း ...

ပိုင်၏ ကျန်ပါးပြင် တစ်ဖက်ပေါ်သို့ ကျရောက်လာသော ဒုတိယ ရိုက်ချက် တစ်ချက်။ ပိုင်သည် ရှေ့ရှိ အမွေးနုလေးများ ခင်းထားသော ကတ္တီပါ အခင်းကိုသာ စိုက်ကြည့် နေခဲ့သည် ။ ဟုတ်သည် ပိုင်တွင် ပြန်ပြောစရာ စကားပင်မရှိခဲ့။

"နောက်တစ်ခါ ဒီအချိုးမျိုး ချိုးရဲရင် ချိုးကြည့်လိုက်"

"တောက်"

"မာန် ပိုင် ... ပိုင် ... တောင်း ... တောင်းပန်ပါတယ်"

ပိုင်သည် မာန်ရှေ့တွင် ဒူးထောက်ထိုင်ချကာ ခေါင်းပင် ငုံ့နေခဲ့သည် ။ မာန်သည် တောက်တစ်ချက် ခေါက်ကာ အောက်ဆင်းသွားသည့် အခါမှ ပိုင်သည် ကျဆင်းလာသော မျက်ရည်အား ခပ်ကြမ်းကြမ်းပင် သုတ်လိုက်သည် ။ ပိုင်သည် မာန်နှင့်လက်ထပ်ထားသည့် အချိန်မှ စ၍ အပြင်ထွက်ခွင့် ဟူ၍ မရှိပေ။ မည်သည့် အကြောင်းပြချက်ကြောင့် ဖြစ်စေ အပြင်ထွက်မိလျှင် မာန်သည် ဒေါသကြီးစွာ ရိုက်နှက် တတ်သည် ။ တစ်ခါတစ်ရံ ခါးပတ်နှင့်ပင် ရိုက်တတ်သည် ။ မာန်၏ လက်ထဲတွင် ခါးပတ်ရှိသော နေ့သည် ပိုင်အတွက် ကံဆိုးခြင်းပင် ဖြစ်သည် ။ ထိုနေ့တွင် ပိုင်၏ သွေးမြင်မှ သာ ရိုက်ခြင်းကို ရပ်တန့်သည် ။ ထို့သို့သော အရာများ ၏ နောက်ကွယ်မှ အကြောင်းရင်းသည် လွန်ခဲ့သော ဖြနှစ်ခန့်မှ အဖြစ်အပျက်များကြောင့်ပင် ဖြစ်သည် ။

မာန် အောက်ဆင်းသွားသည့် အခါမှ ပိုင်သည် ရေချိုးခန်းထဲ ဝင်လာကာ လုပ်နေကျ အလုပ်တစ်ခုဖြစ်သော မာန်အတွက် ရေချိုးကန်ထဲတွင် ရေအေးနှင့် ရေနွေး စပ်ပေး ထားလိုက်သည် ။ သားဆီသွားမည် ဖြစ်သောကြောင့် မျက်နှာ ပြန်သစ်မှ ဖြစ်မည်။ ပိုင်၏ မျက်ရည်တွေကို သား

ကို မမြင်စေချင်တာတော့ အမှန်ပင်။ မာန်အတွက် အဝတ်အစား အဆင်သင့် ခုတင်ပေါ်တွင် ထုတ်ပေးခဲ့ပြီးနောက် အောက်ထပ်ကိုသာ ပြန်ဆင်းလာခဲ့လိုက်သည် ။

အောက်ထပ်ရောက်သော် သားအခန်းဆီကိုသာ တန်းသွားလိုက်သည် ။ သားအခန်းထဲသို့ ဝင်လိုက်သောအခါ သားက ရေချိုးပြီးဖြစ်သည် ။ သားက ပိုင့်ကိုမြင်သော်

"ဖေဖေ လာ သားသား ပြစရာရှိတယ်"

ထို့နောက် သားက ခုတင်ပေါ်သို့ တက်သွားကာ လွယ်အိတ်ထဲရှိ ကာတွန်းရုပ်ပုံလေးများ နဲ့ စာအုပ်အား ထုတ်နေသောကြောင့် ပိုင်လည်း သား၏ ခုတင်ဘေးစွန်းတွင် သာ ဝင်ထိုင် လိုက်လေသည် ။

"ကဲ ပြပါဦးဖေဖေကို ဆရာမက သားသား လရောင်လေးကို ဘာတွေ သင်လိုက်လဲ"

သားက သူ့စာအုပ်လေးကို လှန်ကာ ပိုင့်ဆီ ထိုးပြတော့သည် ။ သားပြလာသည့် စာအုပ်လေးကို ယူလိုက်ကာ ကြည့်လိုက်သည့်အခါ အစီအရီ ရေးထားသော ဝလုံးဝိုင်းဝိုင်း လေးတွေမှာ တစ်ရွက် အပြည့်ပင်။ ပိုင်၏ ကြည်နူးမှုသည် ရင်ထဲ လှိုက်တက်လာကာ သားရေးထားသော ဝလုံးဝိုင်းဝိုင်း လေးတွေကိုသာ ဖွဖွချင်း ထိတွေ့နေမိတော့သည် ။ ဒါတွေက သားလက် သေးသေးလေးတွေနဲ့ ရေးထားတဲ့ စာလုံးလေးတွေ။ အနှီးထုပ်ထဲက ကလေးလေးသည် ခု ဝလုံးလေးတွေပင် ရေးတတ် နေနိုင်ခဲ့ပြီ။

"ဖေဖေ သားတော်တယ်မလား။ ဟီး"

"တော်လိုက်တာ ဘယ်သူ့ရဲ့ ကလေးလေးတုန်း"

"ဖေဖေနဲ့ ပါးပါးရဲ့ သားသားလေးပေါ့" ဟု ပြောကာသားက ပိုင်အား

ဖက် လာပြီး ပိုင်ပါးပြင်အား လာနမ်း လေတော့သည် ။ နာကျင်နေသော ပါးပြင်သည် သား၏ အနမ်းတစ်ချက်နှင့်ပင် ကုစား နိုင်ခဲ့လေသည် ...

ထိုညက မာန်သည် Dinner သွားစရာ ရှိသည် ဟု ဆိုကာ အိမ်တွင် ပြန်မအိပ်ခဲ့။

***

# အပိုင်း(၄)

ကုမ္ပဏီ ဗန်းပြကာ နောက်ကွယ်၌ မာန်သည် မှောင်ခိုလောက၌ ဆရာတစ်ဆူပင်ဖြစ်သည် ။ မာန်သည် မနက်ပိုင်းက ကြားခဲ့ရသော သတင်းကြောင့် ကုမ္ပဏီ၌ပင် သွေးဆူ လာခဲ့သည် ။ သို့သော် ချက်ချင်း အိမ်ပြန်ရန်ပင် မဖြစ်နိုင်ခဲ့။ ရှမ်းပြည်ဘက်တွင် ရှိသော ဘိန်းခင်း တော်တော်များများ သည် မာန်၏ ပိုင်ဆိုင်မှုပင် ဖြစ်သည် ။ ဘိန်းချက်စက်ရုံ သုံးရုံထဲမှ အကြီးဆုံးတွင် လုပ်ကိုင်နေသော လူယုံသည် ဘိန်းများအား မှောင်ခို ခိုးထုတ်ကာ ရောင်းဝယ်နေသည့်အကြောင်း သိရှိခဲ့သော်လည်း မနက်ကမှ လက်ရ ဖမ်းဆီးမိခဲ့သည် ။ မိုးကုတ်တွင် ရှိသော ကျောက်တွင်းသည် ပင် မေမေ ဦးစီးနေ၍ ပြန်လှည့် မကြည့်ခဲ့ရ။ ထိုကိစ္စအား ဖြေရှင်းနေရ၍ မာန်သည် အိမ်ကို ချက်ချင်း ပြန်မလာနိုင်ခဲ့။ အိမ်ပြန်ရောက်သည့် အချိန်တွင် လည်း ပိုင်သည် အိမ်မှာ ရှိမနေ၍ ထိန်းချုပ်ထားသော စိတ်အစဉ်တို့ သည် ပေါက်ကွဲ ထွက်လာခဲ့တော့သည် ။

မာန်သည် ပိုင်၏ လုပ်ရပ်ကြောင့် တစ်နေ့လုံး ထိန်းချုပ်ထားသော စိတ်တို့ သည် ပိုင်၏ ပါးပြင်ပေါ်၌ သာ အဆုံးသတ်ခဲ့သည် ။ Dinner သွားရန် ရှိသည့်အတွက်သာ ပိုင်ကံကောင်းသွားခြင်းပင် ဖြစ်သည် ။

မေမေသည် မိုးကုတ်၌ ဦးစီးနေ၍ အခုရက်ပိုင်း ရန်ကုန်အိမ်သို့ ပြန်မလာနိုင်ပေ။ ကျန်းမာရေး မကောင်းသော ဖေဖေကိုပင် အိမ်စေများ ၊ Nurse များ ဖြင့်သာ ထားခဲ့သည် ။ မေမေရန်ကုန်မှာ မရှိချိန် မေမေ ကျော

က်စိမ်းစျေးကွက်အား မာန်သည် ကြည့်ရှုပေးထားရသည် ။ ဒီနေ့ညတွင်လည်း မေမေနဲ့ စီးပွားဖက်တို့ ပြုလုပ်သော Dinner အား မေမေ့ကို ဖိတ်ထားသဖြင့် မေမေ မသွားနိုင်၍ မာန်သာ သွားမည် ဖြစ်လေသည် ။

မာန်သည် အခန်းထဲ ပြန်ဝင်လာကာ ရေချိုးပြီးနောက် Dinner သွားရန် အင်္ကျီလဲ လိုက်သည် ။ ထိုချိန် ပိုင်သည် အခန်းထဲသို့ ပြန်ဝင်လာကာ အဝတ်အစား လဲနေသော မာန်အား မြင်လိုက်သည် ။

"အပြင်သွားမလို့ လား ထမင်း ... ထမင်းစားသွားမှာ လား။ ပိုင် ... ပြင် ... ပြင်ပေးရမလား"

"မလိုဘူး"

မာန်သည် ကိုယ်လုံးပေါ်မှန်ရှေ့ရပ်ကာ အင်္ကျီအား သေသပ်စွာ ဝတ်ဆင်လိုက်သည် ။ နံရံကပ် ဗီရို ထဲမှ အင်္ကျီနှင့် လိုက်ဖက်ညီသော နာရီအား ရွေးထုတ်ကာ အကြောစိမ်းလေးများ သန်းနေသော လက်ကောက်ဝတ်ပေါ်သို့ ကျနစွာ တင်ကာ ဝတ်ဆင်လိုက်သည် ။ ထို့နောက် ခုတင်ပေါ်ရှိ ဖုန်းနှင့် ကားသော့အား ကောက်ကိုင်ကာ အောက်ထပ်သို့ ဆင်းလာခဲ့သည် ။ ပိုင်သည် ထွက်သွားသော မာန်၏ ကျောပြင်ကို ကြည့်၍ သက်ပြင်းချလိုက်ကာ ရပ်၍ ပင် ကျန်ခဲ့သည် ။ မကြာမီပင် ခြံထဲမှ ပြိုင်ကား အဖြူလေးသည် မောင်းထွက်သွားသည် ကို တွေ့လိုက်ရတော့သည် ။

***

မာန်၏ ကားဖြူလေးသည် Dinner အတွက် ဖိတ်ထားသော Hotel

ဝင်းထဲ ဝင်လာကာ ကားရပ်လိုက်သည့် အချိန်တွင် Waiterလေး နှစ်ယောက်သည် ကားဘေး ရောက်လာကာ ခရီးဦးကြို ပြုလေသည် ။

"ကိုလွှမ်းမာန်ထည်ဝါ ... ဒီဘက်ကို ကြွပါခင်ဗျာ"

မာန်သည် ကားထဲမှ ထွက်ကာ ကားသော့အား waiter တစ်ဦးအား ပေးလိုက်သည် ။ waiter လေးသည် အလိုက်သိစွာ ကားအား ပါကင်ထိုးပေးလိုက်ကာ ကားသော့အား မာန်အား ရိုသေစွာ လာပေးသည် ။ မာန်သည် waiter ထံမှ ကားသော့အား ပြန်ယူကာ Hotel ထဲ ဝင်လာခဲ့လိုက်သည် ။

ထို့နောက် elevator ထဲဝင်ကာ အပေါ်ဆုံးထပ် ရှိရာသို့ တက်လာ ခဲ့လိုက်သည် ။ မကြာခင်တွင် Elevator တံခါး ပြန်ပွင့်လာသည့် အချိန်တွင် အပြင်ဘက်၌ waiter လေးတစ်ဦးက စောင့်နေသည် ကို တွေ့လိုက်သည် ။ ထိုwaiter လေး၏ လမ်းပြမှုဖြင့် နောက်မှ လိုက်လာခဲ့လိုက်သည် ။

Dinner ပွဲကျင်းပရာ နေရာသည် Hotel ၏ ခေါင်မိုး လသာဆောင်တွင် ဖြစ်သည် ။ ထိုနေရာမှ ကြည့်လျှင် ရန်ကုန်တစ်မြို့လုံးအား အပေါ်စီးကပင် မြင်နေရသည် ။ Dinner ပွဲတွင် စိန်ကုန်သည် ၊ ကျောက်မျက်ရတနာ ကုန်သည် များ ဖြစ်ကြသည့် အထက်တန်းလွှာ လူတန်းစားများ သာ ရှိကြသည် ။ မာန်သည် Dinner ပွဲရှိ စားပွဲဝိုင်းတစ်ခုသို့ လျှောက်လာခဲ့လိုက်ကာ စားပွဲတွင် ဝင်ထိုင်လိုက်သည် ။ မာန်ထိုင်လိုက်သည့် အချိန်တွင်

"ဟေ့ ယူ တစ်ယောက်တည်းလား။ တို့ အဖော် လုပ်ပေးရမလား" ဟုဆိုကာ မိန်းကလေးတစ်ယောက်က မာန်ဘေး လာရပ်ကာ သူမလက်ထဲမှ ဝိုင်ခွက်အား မာန်ရှေ့ လာချပေးသည် ။ မာန်သည် အသံကြားရာ မော့ကြည့်လိုက်ချိန်တွင် ရင်ဘတ်တစ်ဝက် လုံရုံသာ ဖုံးထားသော ကိုယ်

ကျပ်ဂါဝန် အနီအား ဝတ်ဆင်ထားပြီး ဆံပင်ရွှေအိုရောင်အား ခပ်မြင့်မြင့် စည်းနှောင်ထားသော ထိုမိန်းကလေးက နီရဲနေသော အောက်နှုတ်ခမ်းအား sexy ကျစွာ ဖိကိုက်ထားကာ မာန်အား ကြည့်နေသည် ။ မာန်သည် တစ်ချက်ပြုံးကာ ထိုမိန်းကလေး ချပေးသော ဝိုင်ခွက်ကို ကိုင်ကာ မတ်တတ် ရပ်လိုက်ကာ ထိုမိန်းကလေးအား မျက်နှာချင်းဆိုင် လိုက်သည် ။ ထိုစဉ် မာန်အနောက်မှ

"ဝိုး သားမာန် လာတာလား။ မင်းမေမေ နန်းနွယ်ရော မပါဘူးလား။ sorry ပါကွယ် သားမာန် ရောက်နေမှန်း အန်တီ မသိလို့ ပါ"

မာန်သည် အသံကြားရာဘက်သို့ လှည့်လိုက်ကာ

"ဟုတ်တယ် အန်တီ မေမေက မိုးကုတ် ရောက်နေလို့ မအားလို့ ပါ"

"ဖေကြီး ဒါကလေ မေ့ရဲ့ သူငယ်ချင်း နန်းနွယ်ရဲ့ သားကြီးလေ လွှမ်းမာန်ထည်ဝါလို့ ခေါ်တယ် လက်ရှိ လုပ်ငန်းတွေ မှန်သမျှကို သူပဲ ဦးစီးနေတာလေ"

"တွေ့ရတာ ဝမ်းသာပါတယ် အန်ကယ်"

"အေးကွယ် အန်ကယ်က သားကို ငယ်ငယ်လေးကပဲ တွေ့ဖူးတာ ခုပြန်တွေ့တော့ မမှတ်မိတာ စိတ်ထဲ မထားပါနဲ့ ကွာ"

"ဟုတ်ကဲ့ အန်ကယ်"

"ဩော် ဟိုတစ်ယောက်က အန်တီသမီး မြပုလဲသွယ်လေ"

မာန်လှည့်ကြည့်လိုက်တော့ ပုလဲက သူ့အမေဘေးသို့ သွားကာ လက်တစ်ဖက်အား စားပွဲကို ထောက်ကာ ရပ်လိုက်သည် ကို တွေ့ရသည် ။ လက်ထဲ၌ လည်း ဝိုင်ထည့်ထားသော ဖန်ခွက်အား လှည့်နေသည် ။

"သမီး ဒါက မေမေ့ အသိ နန်းနွယ်ရဲ့ သားကြီး လွှမ်းမာန်ထည်ဝါတဲ့ "

"ဝိုး really ...bravo Nice to meet you ကိုလွှမ်း"

ပုလဲသည် မာန်အား လက်ထိုးပေးကာ လက်ဆွဲ နှုတ်ဆက်လိုက်သည် ။

"သားမေမေရော နေကောင်းရဲ့ လား။ လုပ်ငန်းတွေရော အဆင်ပြေရဲ့ လား"

"ဟုတ်ကဲ့ အဆင်ပြေပါတယ် အန်တီ"

"အန်တီလည်း နန်းနွယ်နဲ့ မတွေ့တာကြာပြီ။ အားတဲ့ အခါမှ သားတို့ ဆီ လာလည်ဦးမယ်"

"ဟုတ် အန်တီ မေမေကလည်း အန်တီကိုအလည်လာဖို့ ဖိတ်ခိုင်းလိုက်ပါတယ်"

"အေးကွယ် အော် ဒါနဲ့ သားမာန် အန်တီကို တစ်ခုလောက် ကူညီပေးပါလားကွယ်။ အန်တီသမီး ပုလဲကို ကျောက်မျက်ရတနာ ဈေးကွက်ထဲ ဝင်ဆံ့အောင် သင်ကြားပေးပါလားကွယ်။ သမီးက US က ပြန်လာတာ မကြာသေးတော့ အန်တီစီးပွားရေးကို သူဘာမှ မသိဘူး သားရဲ။ အန်တီကလည်း သင်ပေးဖို့ ကျတော့ အချိန်လည်း မရှိသလို သမီးကလည်း အန်တီစကားကို နားသိပ်ထောင်တာ မဟုတ်တော့လည်း ..."

"အာ ရပါတယ် အန်တီ ကျွန်တော် ပုလဲကို ဒီလောက အကြောင်းကို အလျဉ်းသင့်သလို သင်ကြားပေးပါ့မယ်"

"ကျေးဇူးတင်လိုက်တာကွယ် နန်းကတော့ ဒီလိုသားမျိုးလေး ရထားတာ သိပ်ကံကောင်းတာပဲ"

မာန်သည် ပုလဲမာမီစကားကြောင့် ပြုံးသာ နေလိုက်တော့သည် ။ ထို့နောက် ပုလဲ ဒယ်ဒီက မာန်အား စိန်ကုန်သည် များ နှင့် မိတ်ဆက်ပေးမည်ဆိုကာ ပခုံးဖက်၍ ခေါ်သွားသည် ။ ပုလဲနှင့် ပုလဲမေမေ သာကျန်ခဲ့သည် ။ ပုလဲသည် မာန် လျှောက်သွားသည် ကို ကြည့်နေရင်းမှ

"မာမီ ပုလဲ ကိုလွှမ်းကို သဘောကျတယ်။ မာမီအကွက်ချထားသည့် အစီအစဉ်ကို အရင်က ပုလဲက ကိုလွှမ်းကို မတွေ့ဖူးလို့ သာ ငြင်းချင်နေတာ၊ ခုမေမေ့သဘောတိုင်း အစီအစဉ် စလိုက် ရတော့မလား"

ပုလဲသည် သူ့မာမီအား အသာကပ်ကာ ပြောလိုက်သည် ။ ပုလဲ စကားကြောင့် ပုလဲမာမီသည် မာန်ကို ကြည့်ကာ ပြုံးလျက်ပင်

"မာန်လို လူမျိုးက နှစ်ယောက်မရှိဘူးနော် သမီး။ သူ့တို့ မိသားစုစည်းစိမ်တွေက နောက်ဆုံးကြရင် သူပဲပိုင်မှာ ။ မေမေတို့ ချမ်းသာတယ်ဆိုတာ သူ့ခြေဖျား မမီဘူး သမီး။ သမီးအတွက် ကံကောင်းတာ တစ်ခုက သူ့မှာ အိမ်ထောင် ရှိမနေတာပဲ"

***